AEC Australian Electoral Commission

Burmese/မြန်မာ

# သင့်ဆန္ဒမဲကိုရေတွက်ရန် သေချာစေပါ- စာရင်းသွင်းခြင်းနှင့် ဆန္ဒမဲပေးခြင်း အတွက်လမ်းညွှန်

**ဩစတြေးလျနိုင်ငံတွင် ရွေးကောက်ပွဲများ၌ ဆန္ဒမဲပေးပိုင်ခွင့်သည် ဒီမိုကရေစီစနစ်အောက်တွင်နေထိုင်ရခြင်း၏ အခွင့်ထူးများထဲမှ တစ်ခုဖြစ်ပါသည်။ ပြည်ထောင်စု (ဗဟို)၊ ပြည်နယ်/အုပ်ချုပ်ခံနယ်မြေ နှင့် ဒေသဆိုင်ရာ အစိုးရ အဆင့်ဆင့် တို့တွင်သင့်အား မည်သူက ကိုယ်စားပြုလိမ့်မည်ကို သင့်၌ပြောရေးဆိုပိုင်ခွင့်ရှိသည်။**

ဩစတြေးလျနိုင်ငံသားများသည် ကျွန်ုပ်တို့၏နိုင်ငံအား အုပ်ချုပ်ရန် ပြဋ္ဌာန်းထားသည့် အခြေခံစည်းမျဉ်း များဖြစ်သည့်ဩစတြေးလျနိုင်ငံ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေတွင် အဆိုပြုသည့်ပြင်ဆင်ပြောင်းလဲချက်များကို အတည်ပြုရန် သို့မဟုတ် ငြင်းပယ်ရန် ပြည်သူ့ဆန္ဒခံယူပွဲ၌လည်း ဆန္ဒမဲပေးကြသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ဤနည်းဖြင့်သာလျှင် ပြင်ဆင်၍ ရနိုင်သည်။

အသက် 18 နှစ်နှင့်အထက် ဩစတြေးလျနိုင်ငံသားအားလုံးသည် ဥပဒေအရ စာရင်းသွင်းပြီး မဲပေးရမည်ဖြစ်သည်။

## ကျွန်ုပ်တို့ မည်သို့ ကူညီသနည်း။

**ပြည်ထောင်စု ရွေးကောက်ပွဲ ဆန္ဒမဲပေးသူစာရင်းကို ထိန်းသိမ်းထား**ရန်နှင့် **ပြည်ထောင်စု ရွေးကောက်ပွဲများ**၊ **ကြားဖြတ်ရွေးကောက်ပွဲများ** နှင့် **ပြည်သူ့ဆန္ဒခံယူပွဲများ**ကို ကျင်းပရန် ဩစတြေးလျနိုင်ငံ ရွေးကောက်ပွဲ ကော်မီရှင် (AEC) တွင် တာဝန်ရှိသည်။

# စာရင်းသွင်းခြင်း

သင် ဆန္ဒမဲ မပေးမီ၊ ရွေးကောက်ပွဲမဲပေးသူစာရင်းတွင် သင့်အမည်ရှိကြောင်း သေချာအောင်လုပ်ရန် လိုအပ်သည်။ ဩစတြေးလျနိုင်ငံ ရွေးကောက်ပွဲများနှင့် ပြည်သူ့ဆန္ဒခံယူပွဲများတွင် ဆန္ဒမဲပေးရန် မှတ်ပုံတင်ထားသော မဲပေးခွင့်ရှိသည့် နိုင်ငံသားအားလုံး၏ စာရင်းဖြစ်သည်။

## ဆန္ဒမဲပေးရန် ကျွန်ုပ် စာရင်းသွင်းနိုင်ပါသလား။

အကယ်၍သင်သည် အောက်ပါတို့အကြုံးဝင်လျှင် ဥပဒေအရ ဆန္ဒမဲပေးရန် စာရင်းသွင်းရမည်-

- အသက် 18 နှစ် သို့မဟုတ် အထက်
- ဩစတြေးလျနိုင်ငံသား၊ နှင့်
- လက်ရှိလိပ်စာတွင် အနည်းဆုံး တစ်လ နေထိုင်လျှင် ဖြစ်သည်။

အကယ်၍ သင်သည် အသက် 16 နှစ် သို့မဟုတ် 17 နှစ်ဖြစ်လျှင် သင်စာရင်းသွင်းနိုင်သည်၊ ထို့ကြောင့် သင် 18 နှစ်ပြည့်သည့်အခါ ဆန္ဒမဲပေးရန် သင် အဆင်သင့်ဖြစ်နေပါလိမ့်မည်။

## ဆန္ဒမဲပေးရန် ကျွန်ုပ် မည်သို့ စာရင်းသွင်းရမည်နည်း။

သင် အွန်လိုင်း www.aec.gov.au တွင်စာရင်းသွင်းနိုင်သည်– ၎င်းသည်လျင်မြန်ပြီး လွယ်ကူသည်။

စာရင်းသွင်းပုံစံတစ်ခုကိုယူရန် သင်သည် ရွေးကောက်ပွဲကော်မီရှင်ရုံး၊ ဩစတြေးလျနိုင်ငံ စာတိုက်၊ ဩစတြေးလျနိုင်ငံ အခွန်ရုံး ရှေ့နေကောင်တာ၊ စင်တာလင့် သို့မဟုတ် မက်ဒီကဲရုံး တစ်ခုခုသို့လည်း သွားရောက်နိုင်သည်။

သင် စာရင်းသွင်းပြီးနောက်၊ AEC သည်သင့်အမည်ကို ရွေးကောက်ပွဲ မဲပေးသူစာရင်းတွင် ထည့်သွင်းလိမ့်မည်ဖြစ်ပြီး သင့်စာရင်းသွင်း အသေးစိတ်စာရင်းအသစ်၏အတည်ပြုချက်ကို သင့်ထံပေးပို့ပါ လိမ့်မည်။

## ကျွန်ုပ် ဘာအတွက် စာရင်းသွင်းနေပါသလဲ။

**ပြည်ထောင်စု၊ ပြည်နယ်/အုပ်ချုပ်ခံနယ်မြေနှင့် ဒေသဆိုင်ရာအစိုးရ** ရွေးကောက်ပွဲများနှင့် ပြည်သူ့ ဆန္ဒခံယူပွဲများတွင် ဆန္ဒမဲပေးရန် သင်စာရင်း သွင်းနေပါသည်။

## ကျွန်ုပ် စာရင်းသွင်း ပြီးမပြီး ကျွန်ုပ် မသေချာပါ။

သင် အွန်လိုင်း www.aec.gov.au/check တွင်စစ်ဆေးနိုင်သည် သို့မဟုတ် ဖုန်း 13 23 26 ကိုဆက်ပါ။

## အကယ်၍ ကျွန်ုပ်၏ လိပ်စာ/အမည် ပြောင်းလျှင် ကျွန်ုပ် ဘာလုပ်ရမည်နည်း။

သင် အိမ်ပြောင်းရွှေ့တိုင်း သို့မဟုတ် သင့်အမည်ပြောင်းတိုင်း သင့်အသေးစိတ်အချက်အလက်အသစ်ကို သင့်စာရင်းသွင်းမှုတွင် ပြင်ဆင်ပေးရန် လိုအပ်သည်။ ဤကိစ္စလုပ်ရန် လွယ်ပါသည်- သင့်အသေးစိတ်အချက်အလက်များကို အွန်လိုင်း www.aec.gov.au တွင်ပြင်ဆင်ပါ။

အကယ်၍ သင် မပြင်ဆင်လျှင်၊ သင့်အမည်ကို ရွေးကောက်ပွဲမဲပေးသူ စာရင်းမှ ဖယ်ရှားနိုင်မည်ဖြစ်ပြီး လာမည့်ရွေးကောက်ပွဲများတွင် သင့်မဲဆန္ဒ ချန်လပ်သွားပါလိမ့်မည်။

## အကယ်၍ ကျွန်ုပ် ပင်လယ်ရပ်ခြား ခရီးသွားလျှင် ဘာလုပ်ရမည်နည်း။

အကယ်၍ သင် အလုပ်လုပ်ရန် သို့မဟုတ် နေထိုင်ရန် ပင်လယ်ရပ်ခြား သွားလျှင် သင် AEC ကိုအသိပေးရန်လိုသည်။ အကယ်၍သင် အသိမပေးလျှင်၊ သင့်အမည်ကို ရွေးကောက်ပွဲမဲပေးသူ စာရင်းမှ ဖယ်ရှားကောင်း ဖယ်ရှားနိုင်သည်။

## စာရင်းသွင်းရန် ရွေးကောက်ပွဲတိုင်အောင် ကျွန်ုပ်စောင့်ဆိုင်း နိုင်ပါသလား။

ပြည်ထောင်စု၊ ပြည်နယ်/အုပ်ချုပ်ခံနယ်မြေ နှင့်ဒေသဆိုင်ရာ အစိုးရ ရွေးကောက်ပွဲများသည် ရက်အမျိုးမျိုးတွင်ကျင်းပကြသည်၊ ထို့ကြောင့် သင် စာရင်းသွင်းထားရန်အရေးကြီးသည်၊ သင့်စာရင်းသွင်းမှု အသေးစိတ်အချက်အလက်များကို လက်ရှိအတိုင်းပြင်ဆင်ထားပါ သို့မှသာ သင် ဆန္ဒမဲပေးနိုင်မည်။

## ဆန္ဒမဲပေးခြင်း

ပြည်ထောင်စု ရွေးကောက်ပွဲကို သုံးနှစ်တိုင်းတွင် အနည်းဆုံးတစ်ကြိမ် ကျင်းပသည်ဖြစ်ပြီး အမြဲတမ်း စနေနေ့တွင် ဖြစ်ပါသည်။ မည်သည့်အခါနှင့် မည်သည့်နေရာတွင် သင် ဆန္ဒမဲပေးရမည်မှာ ရွေးကောက်ပွဲနေ့၌ သင်မည်သည့်နေရာတွင်ရောက်နေသည့်အပေါ် မူတည်ပါသည်။

### ရွေးကောက်ပွဲနေ့ မတိုင်မီ

အကယ်၍ ရွေးကောက်ပွဲနေ့တွင် သင် အဝေးသို့ရောက်နေလျှင် သို့မဟုတ် မဲရုံသို့မသွားနိုင်လျှင် သင့်အနေဖြင့် ရက်စော၍ ကိုယ်တိုင်သော်၎င်း သို့မဟုတ် စာတိုက်မှသော်၎င်း ဆန္ဒမဲပေးနိုင်သည်။

- **စောစီးစွာ ဆန္ဒမဲပေးမည့်မဲရုံများ**ကို ရွေးကောက်ပွဲကျင်းပမည့်နေ့တိုင် အောင်ထိအပတ်တွင် ဖွင့်လှစ်ပေးထားပါသည်။ နေရာများနှင့် ဖွင့်လှစ်ချိန်များကို အွန်လိုင်း www.aec.gov.au တွင်ရနိုင်ပါလိမ့်မည်။
- **စာတိုက်မှတစ်ဆင့် ဆန္ဒမဲပေးရန်**အတွက် သင့်အနေဖြင့် ဦးစွာ အွန်လိုင်းဖြင့်လျှောက်ထားရမည် သို့မဟုတ် ဩစတြေးလျ စာတိုက်မှ သို့မဟုတ် AEC ရုံးမှ လျှောက်လွှာတစ်စောင်ကိုယူပါ။ AEC သည် သင့်စာတိုက်ဖြင့် ဆန္ဒမဲပေးမည့် မဲပြားစာရွက်များကို ရွေးကောက်ပွဲအတွက် ယှဉ်ပြိုင်မည့်သူများ ပြီးပြတ်သည့်အခါ သင့်ထံစာတိုက်ဖြင့်ပို့ပေးပါလိမ့်မည်။

### ရွေးကောက်ပွဲ နေ့တွင်

သင်သည် သင့် နေထိုင်ရာ ပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေရှိ မည်သည့်မဲရုံတွင်မဆို ဆန္ဒမဲပေးနိုင်သည်။ မဲရုံများသည် နံနက် 8 နာရီတိတိတွင် ဖွင့်ပြီး ညနေ 6 နာရီတိတိတွင် ပိတ်ပါသည်။


အကယ်၍သင်သည် ရွေးကောက်ပွဲနေ့၌ အခြားပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေ တစ်ခုတွင်ရောက်ရှိနေပြီး သင် စော၍ ဆန္ဒမဲ မပေးခဲ့ရသေးလျှင် သင့်အနေဖြင့် အခြားပြည်နယ် မဲရုံတစ်ခုတွင် ဆန္ဒမဲပေးရန် လိုလိမ့်မည်။


မဲရုံများနှင့် အခြားပြည်နယ် မဲရုံများ စာရင်းတစ်ခုကို အွန်လိုင်း www.aec.gov.au တွင်ရရှိနိုင်ပါသည်။

## သင့် ဆန္ဒမဲအား ရေတွက်ရန် လုပ်ခြင်း

ပြည်ထောင်စု ရွေးကောက်ပွဲတွင် ဩစတြေးလျန်းပါလီမန်၏ ဥပဒေပြုလွှတ်တော် နှစ်ရပ် တွင်သင့်အားကိုယ်စားပြုမည့်လူကို ရွေးချယ်ရန် သင် ဆန္ဒမဲပေးနေပါသည်။ အောက်လွှတ်တော်နှင့် အထက်လွှတ်တော် ဖြစ်သည်။ မဲပြားစာရွက် နှစ်ခုကို သင် လက်ခံရရှိလိမ့်မည်-

- အောက်လွှတ်တော်၌ သင့်ဒေသဆိုင်ရာနယ်မြေ (သို့မဟုတ် မဲဆန္ဒနယ်မြေ) ၏ကိုယ်စားလှယ်တစ်ယောက်အတွက် ဆန္ဒမဲပေးရန် အစိမ်းရောင် မဲပြားစာရွက်တစ်ခု နှင့်
- အထက်လွှတ်တော်၌ သင့် ပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေ၏ ကိုယ်စားလှယ်တစ်ယောက်အတွက် ဆန္ဒမဲပေးရန် အဖြူရောင် မဲပြားစာရွက်တစ်ခု တို့ဖြစ်သည်။




မဲပြားစာရွက်များပေါ်တွင် မည်သို့မဲပေးရမည့်ညွှန်ကြားချက်များကို ပုံနှိပ်ထားပါသည်။ အကယ်၍သင် အမှားအယွင်းတစ်ခုလုပ်မိလျှင် သို့မဟုတ် သင် ဘာလုပ်ရမည်ကိုမသေချာလျှင် အကူအညီအတွက် မဲရုံဝန်ထမ်းတစ်ဦး ကိုမေးမြန်းပါ။

ညနေ 6 နာရီတွင် မဲပေးခြင်းပြီးဆုံးသည့်အခါ AEC သည်မဲပြားများကို စတင်ရေတွက်မည်ဖြစ်သည်။ တရားဝင် အသစ်ပြင်ဆင်ချက်များနှင့် အဖြေများအတွက် အွန်လိုင်း www.aec.gov.au တွင်ကြည့်ရှုပါ။

## ပိုမို သိလိုပါသလား။

အွန်လိုင်း www.aec.gov.au သို့ မည်သို့ ဆန္ဒမဲပေးရမည့် ပိုမိုသော အကြောင်း (သင် မဲပေးသည်ကိုလေ့ကျင့်နိုင်ပါသည်) နှင့်ရွေးကောက်ပွဲစနစ် မည်သို့လုပ်ကိုင်ကြောင်း ကိုလေ့လာရန် သွားရောက်ပါ။

ပုံနှိပ်စာလုံး ကြီးကြီးနှင့် လျှပ်စစ်နည်း ရေးထားသည့် ဤလက်ကမ်းစာစောင်ကို အွန်လိုင်း www.aec.gov.au တွင်ရရှိနိုင်သည်။

ဘာသာပြန်ဆိုထားချက်များကို အွန်လိုင်း www.aec.gov.au/translated မှဒေါင်းလုဒ်ယူနိုင်သည်။

စာရင်းသွင်းခြင်း၊ ဆန္ဒမဲပေးခြင်း နှင့်ရွေးကောက်ပွဲများ အကြောင်းကို သင့်ဘာသာစကားဖြင့် အထွေထွေသတင်းအချက်အလက်အတွက် ဖုန်း 1300 720 153 ကိုဆက်ပါ။

အကယ်၍သင်သည် နားမကြားသူ သို့မဟုတ် နားအကြားအာရုံ သို့မဟုတ် အပြောချို့ယွင်းသူ ဖြစ်လျှင်၊ အမျိုးသားတစ်ဆင့်ခေါ် ဝန်ဆောင်မှုမှတစ်ဆင့် ကျွန်ုပ်တို့အား ဆက်သွယ်ပါ။-

- တီတီဝိုင် အသုံးပြုသူများ ဖုန်း 133 677 ကိုဆက်ပြီး 13 23 26 ကိုတောင်းဆိုပါ။
- ပြောပြီးနားထောင်သူများ ဖုန်း 1300 555 727 ကိုဆက်ပြီး 13 23 26 ကိုတောင်းဆိုပါ။
- အင်တာနက် တစ်ဆင့်ခံအသုံးပြုသူများ NRS ကိုဆက်သွယ်ပြီး 13 23 26 ကိုတောင်းဆိုပါ။

AEC
Australian Electoral Commission



13_0202 Authorised by the Electoral Commissioner, West Block, Queen Victoria Terrace, Parkes ACT 2600.